
# ၂၀၂၄ ခုနှစ် ဇူလိုင်အတွင်း အမျိုးသမီးများဆိုင်ရာ အချက်အလက်

၂၀၂၁ခုနှစ် ဖေဖော်ဝါရီလ (၁)ရက်နေ့ အကြမ်းဖက်စစ်အုပ်စု၏ အာဏာသိမ်းရန်ကြိုးပမ်းသည့် အချိန်မှစတင်ပြီး မြန်မာ့လူထုများသည် အကြမ်းမဖက်သည့်နည်းနှင့်သော်လည်းကောင်း လက်နက်ကိုင်တော်လှန်ရေးဖြင့်သော်လည်းကောင်း အာဏာရှင်စနစ်အား နည်းလမ်းပေါင်းစုံဖြင့် ဆန့်ကျင်တော်လှန်နေကြသည်မှာ (၃)နှစ်ကျော်လာခဲ့ပြီဖြစ်သည်။ ထို့အပြင် အကြမ်းဖက် စစ်အုပ်စုသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို နည်းမျိုးစုံဖြင့် ဆက်လက် ကျူးလွန်နေခြင်းကြောင့် အမျိုးသမီးများသည်လည်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ တစ်ခြားသောလူ့အခွင့်အရေးချိုးဖောက်မှုများအပါအဝင် နေ့စဉ်နှင့်အမျှအသက်ဆုံးရှုံးနေရသည်။ ယခုဖော်ပြပါ အချက်အလက်များသည် မြန်မာ့အမျိုးသမီးသမဂ္ဂမှ တိကျခိုင်လုံသော သတင်းမီဒီယာများ၏ သတင်းအချက်အလက်များကို စောင့်ကြည့်ကောက်ယူထားပြီး ပြန်လည်စုစည်းတင်ပြထားခြင်း ဖြစ်သည်။ လက်တွေ့မြေပြင် အခြေအနေတွင် သတင်းအချက်အလက် စီးဆင်းမှုများ၌ စိန်ခေါ်မှုများရှိနေဆဲဖြစ်သောကြောင့် မိမိတို့အနေဖြင့် လက်လှမ်းမီရန် အခက်အခဲများ ရှိသဖြင့် ကိန်းဂဏန်းများသည် ယခုထက်ပို၍ များနိုင်ပါသည်။

| | သေဆုံးသူ | ထိခိုက်ဒဏ်ရာရရှိသူ |
|---|---|---|
| လေကြောင်းတိုက်ခိုက်ခံရမှု | ၉ | ၁၁ |
| မီးရှို့သတ်ဖြတ်ခံရမှု | ၂ | - |
| သတ်ဖြတ်ခံရမှု | ၁၀ | ၂၆ |
| လက်နက်ကြီး ပစ်ခတ်မှု | ၃၃ | - |
| ဒရုန်းဖြင့် တိုက်ခိုက်ခံရမှု | ၄ | ၂ |
| တိုက်ပွဲကြား ကျည်ထိမှန်မှု | ၄ | ၁ |
| မုဒိမ်းပြုကျင့်ခံရမှု | ၁ | ၃ |
| စုစုပေါင်း | ၆၃ | ၄၃ |

မိမိတို့၏ သတင်းမီဒီယာများမှ စောင့်ကြည့်အချက်အလက် ကောက်ယူမှုများအရ ၂၀၂၄ခုနှစ် ဇူလိုင်(၁)ရက်နေ့မှ(၃၁)ရက်နေ့အတွင်း နိုင်ငံတစ်ဝှမ်းအမျိုးသမီး (၆၃)ဦး အသက်ဆုံးရှုံးခဲ့သည်။ ထိုကဲ့သို့ အသက်ဆုံးရှုံးရသည့်အကြောင်းရင်းများမှာ အကြမ်းဖက်စစ်အုပ်စု၏ အရပ်သားပြည်သူများ နေထိုင်ရာ အိမ်နှင့်ရပ်ရွာတွင် လက်နက်ကြီး ပစ်ခတ်မှုကြောင့် (၃၃)ဦး၊ အကြမ်းဖက်စစ်အုပ်စု၏ အကြောင်းမဲ့သတ်ဖြတ်မှုကြောင်း (၁၀)ဦး၊ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် (၉)ဦး၊ (Drone-ဒရုန်းဖြင့် တိုက်ခိုက်မှုကြောင့် (၄)ဦး၊ တိုက်ပွဲအတွင်း ကျည်ထိမှန်မှုကြောင့် (၄)ဦး၊ မီးရှို့သတ်ဖြတ်မှုကြောင့် (၂)ဦး၊ အကြမ်းဖက်စစ်အုပ်စုမှ မုဒိမ်းပြုကျင့်မှုကြောင့် (၁)ဦး တို့ဖြစ်ကြသည်။ ထို့အပြင် အမျိုးသမီးပေါင်း (၄၃)ဦး ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့သည် အကြမ်းဖက်စစ်အုပ်စု၏လက်နက်ကြီး ပစ်ခတ်မှုကြောင့် (၂၆)ဦး၊ လေကြောင်းမှဗုံးကြဲမှုကြောင့် (၁၁)ဦး၊ မုဒိမ်းကျင့်မှုကြောင့် (၃)ဦး၊ (Drone-ဒုန်း) ဖြင့်တိုက်ခိုက်မှုကြောင့် (၂)ဦး၊ တိုက်ပွဲအတွင်း ကျည်ထိမှန်ခြင်းကြောင့် (၁) ဦးတို့ဖြစ်ကြသည်။




ဒေသအလိုက် သေဆုံးသူပြ မြေပုံ

မြန်မာ့အမျိုးသမဂ္ဂ၏ အချက်အလက်ကောက်ယူမှုအရ အသက်ဆုံးရှုံးခဲ့သည့် အမျိုးသမီးဦးရေသည် ရှမ်းပြည်နယ်မှ(၂၂)ဦး၊ မန္တလေးတိုင်းမှ (၁၇)ဦးနှင့် စစ်ကိုင်းတိုင်းမှ (၁၀)ဦးတို့အသီးသီး ဖြစ်ကြပြီး ရှမ်းပြည်နယ်သည် ဇူလိုင်လအတွင်းအမျိုးသမီး အသက်ဆုံးရှုံးမှု အများဆုံးပြည်နယ်ဖြစ်သည်။

## ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း အမျိုးသမီးဖမ်းဆီးခံရမှု အခြေအနေ

မိမိတို့၏ အချက်အလက်ကောက်ယူချက်အရ နိုင်ငံတစ်ဝှမ်းမှ အမျိုးသမီး (၂)ဦးတို့သည် ဇူလိုင်လအတွင်း အကြမ်းဖက်စစ်အုပ်စု၏ အကြောင်းမဲ့ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ မြေပြင်၌ အမျိုးသမီး ဖမ်းဆီးခံရခြင်း အရေအတွက်သည်ယခုထက်များနိုင်သည်။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ)၏အချက်အလက်အရ အကြမ်းဖက်စစ်အုပ်စုမှ အာဏာသိမ်းရန် ကြိုးပမ်းသည့်ကာလမှ ၂၀၂၄ ခုနှစ်ဇွန်လိုင်လ (၃၁)ရက်နေ့အတွင်း အမျိုးသမီး(၅,၆၁၁) ဖမ်းဆီးခံရပြီး (၄၀၆၆) ဦးအားဆက်လက်ထိန်းသိမ်းထားကြောင်းဖော်ပြထားသည်။ [1]

[1] Assistance Association for Political Prisoners, 31st July 2024. https://www.facebook.com/burmapoliticalprisoners/posts/884488660374896?ref=embed_post

မှတ်ချက်။ လက်တွေ့မြေပြင် အခြေအနေတွင် သတင်းအချက်အလက် စီးဆင်းမှုများ၌ စိန်ခေါ်မှုများရှိသောကြောင့် မိမိတို့အနေဖြင့် လက်လှမ်းမီရန် အခက်အခဲများ ရှိသဖြင့် ကိန်းဂဏန်းများသည် ယခုထက်ပို၍ များနိုင်ပါသည်။

## မြန်မာ့အမျိုးသမီးသမဂ္ဂ

https://www.facebook.com/burmesewomensunion
https://burmesewomensunion.org